## ၅။ ပင်ဖြတ်ပိုး

**Turnip Moth: *Agrotis segetum* (Denis & Schiffermüller, 1775)**

**Lepidoptera: Noctuidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**





လောက်ကောင်များသည် ညအခါ၌ စားသောက်ဖျက်ဆီး၍ နေ့ဖက်တွင် အပင်၏ အောက်ခြေတွင် ဖုံးအုပ်နေပြီး မြေကြီး၏အပေါ်ပိုင်းတွင် ပုံးအောင်းနေတတ်သည်။ နှောင့်ယှက်ခြင်းခံရပါက အင်္ဂလိပ်အက္ခရာ C ပုံသဏ္ဌာန်ဖြစ်သွားသည်။ အသက်ပိုကြီးသော လောက်ကောင်များကို ပိုမိုနက်ရှိုင်းသည့် မြေကြီးထဲတွင်တွေ့ရတတ်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လောက်ကောင်များသည် အရွက်များပေါ်တွင် စားသောက်ဖျက်ဆီးပြီး အကောင်ကြီး များ သည် အပင်အရင်းမှ ကိုက်ဖြတ်ချသည်။ ပျိုးပင်ပေါက်များတွင် အပင်ခြေရင်း မြေကြီးရင်းမှ ကိုက်ဖြတ်ချသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် – ( ၂-၅ ) ရက်

လောက်ကောင် အဆင့် – (၁၆-၂၂) ရက်

ရုပ်ဖုံး အဆင့် – ( ၇-၁၀ ) ရက်

အကောင်ကြီး အဆင့် – ( ၃-၇ ) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပေါင်းမြက်များကို ရှင်းလင်းပါ။

(၂)စိုက်ခင်းအားထွန်/ထယ်နက်နက်ထွန်ပါ။

(၃)ပိုးကျရောက်ဖျက်ဆီးခံထားရသောစိုက်ခင်းအားရေလွှမ်းထားပါ။

(၄)မြေပြင်ချိန်တွင်မြေကြီးထဲသို့ ဖီပရိုနေး၃ဂျီအာ(Fipronil 3GR )(သို့) ကာဘိုဆာလဖန် ၅ ဂျီ (Carbosulfan 5G) ထည့်၍ စိုက်ပျိုးပါ။

(၅) တမာပိုးသတ်ဆေးကို ရေ (၁) ဂါလံတွင် (၆၀) စီစီနှုန်းဖျော်၍ တစ်ပတ်တစ်ခါ မှန်မှန် ဖျန်းပါ။

(၆)လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။ (နံနက်စောစောနှင့်ညနေခင်းများတွင်မြေအက် ကွဲကြောင်း များအတွင်းတွင်ရှာဖွေပါ)

(၇)အလင်းရောင်ထောင်ချောက်များအသုံးပြု၍အကောင်ကြီးများအားဖမ်းဆီးပါ။

(၈)ထိသေစားသေ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်း ရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဆိုင်ပါမီသရင် (Cypermethrin)
- လန်မ်ဒါဆိုင်ဟေလိုသရင် (Lambda-Cyhalothrin)
- ကာဘာရိုင်း (Carbaryl)
- ဖလူဗန်ဒိုင်ရာမိုက် (Flubendiamide)

- ကလိုရမ်ထရမ်နီလီပရော (Chlorantraniliprole)